**အိမ်သုံးမီတာလျှောက်လွှာပုံစံ**

သို့

မြို့နယ်လျှပ်စစ်မှူး/မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

__________________________မြို့နယ်/မြို့

ရက်စွဲ ၊ . . ။

အကြောင်းအရာ။ **အိမ်သုံးမီတာ တပ်ဆင်ခွင့်ပြုပါရန် လျှောက်ထားခြင်း။**

အထက်ပါကိစ္စနှင့်ပတ်သက်၍ အမှတ်( )၊

______________________လမ်း

___________________________ရပ်ကွက်နေ ကျွန်တော်/ကျွန်မ၏ ________________________တွင်

( အိမ်သုံး ) မီတာတစ်လုံး တပ်ဆင်သုံးစွဲခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည်။

တပ်ဆင်သုံးစွဲခွင့်ပြုပါက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သတ်မှတ်ထားသော အခွန်အခများကိုအကြေပေးဆောင်မည့်အပြင်တည်ဆဲဥပဒေများအတိုင်း လိုက်နာဆောင်ရွက် မည်ဖြစ်ပါကြောင်းနှင့် အိမ်တွင်းဝါယာသွယ်တန်းခြင်းလုပ်ငန်းများကို လျှပ်စစ်ကျွမ်းကျင်လက်မှတ် ရှိသူများနှင့်သာ ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုလျှောက်ထားအပ်ပါသည်။

**တပ်ဆင်သုံးစွဲလိုသည့်လိပ်စာ**

________________________________

________________________________

________________________________

လေးစားစွာဖြင့်

**( အခကြေးငွေဖြင့် ရောင်းချခြင်းခွင့်မပြု)**

**အိမ်သုံးမီတာ လျှောက်ထားရာတွင် အောက်ဖော်ပြပါအချက်များ ပြည့်စုံစွာပါရှိရန် သတ်မှတ်ထား ရှိပါသည်-**

(၁) မှတ်ပုံတင်မိတ္တူ (မူရင်းယူဆောင်လာစေခြင်း)

(၂) သန်းခေါင်စာရင်းမိတ္တူ (မူရင်းယူဆောင်လာစေခြင်း)

(၃) ပိုင်ဆိုင်မှု စာချုပ်/ အထောက်အထား (မူရင်းယူဆောင်လာစေခြင်း)

**ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ကြောင့် အန္တရာယ် မဖြစ်စေသည့် ဓာတ်အားသုံးစွဲမည့် အဆောက်အဦးများအတွက် အိမ်သုံးမီတာ၊ လုပ်ငန်းသုံးမီတာနှင့် ထရန်စဖော်မာ မီတာများ တင်ပြလျှောက်ထားရာတွင် လျှောက်ထားသည့် အချိန်မှစ၍ ဓာတ်အားဆက် သွယ်သည့်အချိန်အထိ အောက်ဖော်ပြပါ လုပ်ငန်းစဉ်များအတိုင်း စိစစ်ဆောင်ရွက်လျက်ရှိပါသည်-**

(၁) **သတ်မှတ်ချက်များနှင့် ပြည့်စုံကိုက်ညီမှု ရှိ/ မရှိ စာရွက်စာတမ်းနှင့် အထောက် အထားပိုင်းဆိုင်ရာများ စစ်ဆေးခြင်း၊ ၂၃၀** (သို့) ၄၀၀ ဗို့ ဓာတ်အားလိုင်းနှင့် ပေ ၃၀၀ အတွင်း ရှိ/ မရှိ **၊ ဓာတ်အားဆက်သွယ်ပေးမည့် ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများ ဝန်အားနိုင်နင်းမှု ရှိ/ မရှိ ကွင်းဆင်းစစ်ဆေးခြင်း**

(၂) **သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါက အောက်ဖော်ပြပါ သတ်မှတ်နှုန်းထား များအတိုင်း ပေးသွင်းစေခြင်း**

| **စဉ်** | **အကြောင်းအရာ** | **ကောက်ခံရမည့်နှုန်းထား (ကျပ်)** | | |
|---|---|---|---|---|
| | | **ကျေးလက်ဒေသ သုံး (၅/၃၀) (Man al)** | **မြို့ငယ်သုံး (၅/၃၀) (HHU)** | **မြို့ကြီးသုံး (၁၀/၆၀) (HHU)** |

| | | | | | |
|---|---|---|---|---|---|
| ၁ | | အိမ်သုံးမီတာသတ်မှတ်ကြေး | ၃၅၀၀၀ | ၆၅၀၀၀ | ၈၀၀၀၀ |
| ၂ | | အခြားကုန်ကျစရိတ် | | | |
| | က | အာမခံစဘော်ငွေ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ |
| | ခ | ကြိုးသွယ်ခ | ၂၀၀၀ | ၂၀၀၀ | ၂၀၀၀ |
| | ဂ | မီးဆက်ခ | ၂၀၀၀ | ၂၀၀၀ | ၂၀၀၀ |
| | ဃ | ကြီးကြပ်ခ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| | င | မီတာလျှောက်လွှာမှတ်ပုံတင်ကြေး | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| | | စုစုပေါင်း | ၄၅၀၀၀ | ၇၅၀၀၀ | ၉၀၀၀၀ |

**(၃) သတ်မှတ်ကြေးများ ပေးသွင်းပြီးပါက မီတာ တပ်ဆင်ပေးပြီး မီတာအထွက် Breaker အထိ ဓာတ်အားဆက်သွယ်ပေးခြင်း**

အထက်ဖော်ပြပါ အိမ်သုံးမီတာ၊ အသစ်တပ်ဆင်ခြင်း (မီးသုံးသူအသစ် စာရင်းရေးသွင်းခြင်း)နှင့် စပ်လျဉ်း၍ မီတာစတင်လျှောက်ထားသည့်မှ မီတာဖတ် မှတ်တမ်းထွက်ပြီးသည်အထိ သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများရှိ ဌာနအသီးသီးမှ အောက် ဖော်ပြပါအတိုင်း လုပ်ငန်းစဉ်အဆင့်ဆင့်အား လိုက်နာဆောင်ရွက်လျက် ရှိပါသည်-

(က) စီမံခန့်ခွဲရေးဌာန။ လျှောက်လွှာသစ်များ လက်ခံခြင်းဘုံမှတ်တမ်း(လျှပ်စစ်ပုံစံ -၂၈၄)ရေးသွင်းခြင်း၊ သတ်မှတ်ထားသော အချက်များနှင့်အညီ ဓာတ်အားဆက် သွယ်ရန် လျှောက်လွှာပုံစံနှင့် စာချုပ်ပုံစံ(လျှပ်စစ်ပုံစံ-၁၆)၊ ဓာတ်ကြိုးတပ်ဆင်ရန် လျှောက်လွှာ(လျှပ်စစ်ပုံစံ-၂၅၈)လက်ခံခြင်း

(ခ) ဘဏ္ဍာရေးဌာန။ မှတ်ပုံတင်ကြေးအား ငွေရပြေစာ(လျှပ်စစ်ပုံစံ -၂၃) ဖြင့် လက်ခံခြင်း

(ဂ) အင်ဂျင်နီယာဌာန။ လုပ်ငန်းကုန်ကျစရိတ် တွက်ချက်ခြင်းနှင့် လုပ်ငန်းဆောင် ရွက်ရန် ညွှန်ကြားခြင်း၊ (လျှပ်စစ်ပုံစံ -၁၃၈) ဖြင့် မီတာတပ်ဆင်ရန် စစ်ဆေးခြင်း

(ဃ) စီမံခန့်ခွဲရေးဌာန။ မီတာတပ်ဆင်ရန် စစ်ဆေးပြီးပါက ကျသင့်ငွေ ပေးသွင်း ရန် အကြောင်းကြားစာ(လျှပ်စစ်ပုံစံ-၂၄) ရေးသွင်းခြင်း

(င) ဘဏ္ဍာရေးဌာန။ ကြိုးသွယ်ခ၊ ကြီးကြပ်ခ၊ မီးဆက်ခအား (လျှပ်စစ်ပုံစံ-၂၃) မီတာသတ်မှတ်ကြေး(လျှပ်စစ်ပုံစံ-၂၃)နှင့် အာမခံစဘော်ငွေ(လျှပ်စစ်ပုံစံ-၉၅)လက်ခံခြင်း၊ (လျှပ်စစ်ပုံစံ-၂၆၈) မှတ်ပုံတင် ရေးသွင်းခြင်း

(စ) စီမံခန့်ခွဲရေးဌာန။ လျှပ်စစ်ပုံစံ-၁၃၈တွင် ငွေရပြေစာအမှတ် ရေးသွင်းပြီး မြို့နယ်လျှပ်စစ်မန်နေဂျာမှ လက်မှတ်ရေးထိုး၍ မီတာထုတ်ယူရန် အင်ဂျင်နီယာဌာန သို့ ပေးပို့ခြင်း

(ဆ) အင်ဂျင်နီယာဌာန။ မီတာတပ်ဆင်ရန်အတွက် ပစ္စည်းစီမံရေးဌာနသို့ ပစ္စည်းတောင်းခံလွှာ လျှပ်စစ်ပုံစံ-၂၅(က)ဖြင့် မီတာတောင်းခံခြင်း

(ဇ) ပစ္စည်းစီမံရေးဌာန။ မီတာအား ပစ္စည်းထုတ်ပေးလွှာပုံစံ-၂၅(ခ)ဖြင့် ထုတ်ပေးခြင်း၊ မီတာမှတ်ပုံတင်စာအုပ်(လျှပ်စစ်ပုံစံ-၆၆)၊ ဘင်းကဒ်(လျှပ်စစ်ပုံစံ-၂၆) ရေးသွင်းခြင်း

(ဈ) အင်ဂျင်နီယာဌာန။ ထုတ်ယူရရှိသော မီတာကို သွားရောက်တပ်ဆင်ခြင်း၊ ပုံစံများပါသော အမှုတွဲကို စီမံခန့်ခွဲရေးဌာနသို့ ပေးပို့ခြင်း

(ည) စီမံခန့်ခွဲရေးဌာန။ မီတာအသစ်ဆက်ခြင်း၊ ဘုံမှတ်တမ်း(လျှပ်စစ်ပုံစံ-၂၈၀) ရေးသွင်းခြင်း

(ဋ) ဘဏ္ဍာရေးဌာန။ မီတာဖတ်ကဒ်ပြား(လျှပ်စစ်ပုံစံ-၇၆) ရေးသွင်းခြင်း၊ ဓာတ် အားသုံးစွဲသူများလယ်ဂျာ(လျှပ်စစ်ပုံစံ-၄၃)ရေးသွင်းခြင်း၊ လျှပ်စစ်ပုံစံ-၉၅ လက်ခံ တွင် မီတာအမှတ်နှင့် စာရင်းအမှတ် ရေးသွင်းခြင်း၊ မီတာဖတ်ခြင်း၊ ဘီလ်ထုတ်ခြင်း